http://www.dhammadownload.com

ဓမ္မဒါနကုသိုလ်ရှင်

နယူးဒေး ဖလင်ကာလာခွဲ၊ ဒီဇိုင်းနှင့် ပုံနှိပ်
အမှတ် (၁၄၈)၊ လမ်း-၅၀ (အထက်)၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၂၀၀၄၃၇၊ ၂၉၈၆၄၂

ဒေါသကိုဘယ်လိုပယ်မလဲ

ရှုဝေနွယ် (အင်းမ)

http://www.dhammadownload.com

မွေစကား၊နေ့တိုင်းကြားက၊ စိတ်ထားဖွေးလက်၊ သိဉာဏ်ထက်၏။

သို့ .....

မှ .....၏

အမှတ်တရ မွေဒါန

အမတံ ဒဒေါစသောဟောတိ၊
ယောမွေမနုသာသတိ။
အကြင်သူသည် တရားစကားကို
ဟောပြော၏။
တရားစာကို ဖြန့်ဝေ၏။
ထိုသူသည် အမတဒါန
နိဗွာန်အလှူကို ပေးလှူသည် မည်၏။

တစ်စတစ်စ၊ စွန့်ငံမှလျှင်
ဘဝနောက်နောင်၊ ဆက်တိုင်းကောင်း၏။

http://www.dhammadownload.com

စာမူခွင့်ပြုချက်အမှတ် - ၃၂၀၄၃၅၀၇၀၉
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၃၂၀၄၀၆၀၈၀၉

မျက်နှာဖုံး ဒီဇိုင်းနှင့် အတွင်းဖလင်
NEW DAY Graphic Design Scanning, Color Separation
အမှတ် (၁၄၈)၊ လမ်း (၅၀)ထက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

ပထမအကြိမ်
၂၀၀၉ ခုနှစ်၊ ဩဂုတ်လ
အုပ်ရေ - ၂၀၀၀

မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ
ဦးကျော်စန်းလင်း (ယာယီ-၈၆၉) EVER GREEN Offset
အမှတ်(၁၉၉)၊လမ်း(၅၀)ထက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

ထုတ်ဝေသူ
ဦးကျော်ဟင်း (ယုံကြည်ချက်စာပေ)
အမှတ် (၁၁၁)၊ ၃၃လမ်း၊ ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့။

"ထုတ်ဝေသည့်စာအုပ် ကတ်တလောက်အညွှန်း" (CIP)

ရဝေန္ဓယ်(အင်းမ) ၂၉၄. ၃
ဒေါသကို ဘယ်လိုပယ်မလဲ /ရဝေန္ဓယ်(အင်းမ)။
- ရန်ကုန်၊ ယုံကြည်ချက်စာပေ၊ ၂၀၀၉။
၃၁-စာ၊ ၉. ၅ × ၁၃ စင်တီ။
(၁) ဒေါသကို ဘယ်လိုပယ်မလဲ

http://www.dhammadownload.com

ဒေါသကိုဘယ်လိုပယ်မလဲ

ဂုဏန္ဒယ် (အင်းမ)

သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ

အလှူအားလုံးတို့တွင်

တရားအလှူသည် အမြတ်ဆုံးဖြစ်၏။

http://www.dhammadownload.com

ကျိုက်စာအုပ်နှင့် ကျိုက်စာအုပ်ကဲ့သို့သော
လက်ကမ်းစာအုပ်ငယ်များကို
စမွှာဒါန
ပြုလုပ်လိုပါက
New Day
အမှတ်(၁၄၈)၊ လမ်း ၅၀ (ထက်)၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့
ဖုန်း - ၂၀၁၄၃၇၊ ၂၉၈၆၄၂ သို့
ဆက်သွယ် မှာယူနိုင်ပါသည်။

http://www.dhammadownload.com

ဒေါသကို ဘယ်လိုပယ်မလဲ

ဒေါသကို ဘယ်လိုပယ်မလဲ . . .?

ဒီမေးခွန်းရဲ့အဖြေကို စာရေးသူကိုယ်တိုင်လည်း သိပ်သိချင်နေတာပါ။

ဘာဖြစ်လို့လဲဆိုတော့ တစ်ခါတလေ ဒေါသဖြစ်မိတဲ့အခါ ရင်ထဲက "ဒုတ် . ဒုတ်" "ဒုတ် . ဒုတ်"နဲ့ အိပ်မပျော်တော့ပါဘူး။ ဒေါသဖြစ်တာထက် အိပ်မပျော်တာက ပိုတောင် စိတ်ဆင်းရဲရပါတယ်။ အဲဒီအိပ်မပျော်တာ တစ်ချက်နဲ့တင် ဒေါသမဖြစ်ချင်တာပါ။ မဖြစ်ချင်ပေမယ့် ဖြစ်နေရတုန်းပါ။ အနာဂါမ်မဖြစ်သရွေ့

http://www.dhammadownload.com

တော့ ဖြစ်နေရဦးမှာပါ။ ဒါကြောင့် ဒေါသကို ဘယ်လို ပယ်ရမလဲဆိုတာကို သိပ်သိချင်တာပါ။

မဟာစည်ဆရာတော်ဘုရားကြီးက ဒေါသနဲ့ ပတ်သက်လို့ ဝမ္မိကသုတ်တရားတော်မှာ မျက်မှောက်ခေတ် တကယ့်ဖြစ်စဉ် ဓာတ်လမ်းလေးတစ်ပုဒ်ကို ထည့်ဟောထားဖူးပါတယ်။

ဟောစဉ်တရားတော်က ဒီလိုပါ။

"တစ်ခါက သုဓမ္မဝတီပုံနှိပ်တိုက်က တိုက်အုပ် ဦးပန်းမောင်ဆိုတဲ့ ဒကာကြီးက မှတ်ဖွယ်ဝတ္ထုကလေး တစ်ခုကို ပြောပါတယ်။ ဦးပန်းမောင်ဆိုတာ ဒကာလူကြားကောင်း ကြားဖူးပါလိမ့်မယ်။ အဲဒီ ဦးပန်းမောင်က ရေဒီယိုထဲက နေပြီးတော့ **"မဖြစ်စလောက်တရားတော်"**ဟောမယ်ဆိုလို့ "ဘာများ ဟောမှာ ပါလိမ့် မတုန်း"လို့ ဘုန်းကြီးက နားထောင်နေတယ်။ သူ ပြောပုံက မဖြစ်စလောက်ကလေးနဲ့လည်း ဒုက္ခဖြစ်တတ်တယ်၊ မဖြစ်စလောက်ကလေးပဲ ဆိုပြီးတော့ မရိုမသေ မလုပ်လိုက်ပါနဲ့တဲ့။ ဒကာလူရော အဲဒီ

http://www.dhammadownload.com

တုန်းက မကြားလိုက်ဘူးလား၊ မကြားဘူးတဲ့သူတွေကပဲ များပါလိမ့်မယ်။ မဖြစ်စလောက် တရားတော်တဲ့၊ သူ့ ဥစ္စာကောင်းတယ်၊ အမည်ပေးပုံကလေးကိုက သိပ် ကောင်းနေတယ်။ ဖြစ်ပုံကလည်း ဆန်းတယ်၊ ဘယ်လိုလဲဆိုတော့ တစ်ခါက အင်မတန် ရင်းရင်းနှီးနှီး အတူနေကြတဲ့ ဦးပဉ္စင်းနှစ်ပါး ရှိပါသတဲ့။ တစ်ပါးက ရေချိုးနေတယ်။ အဲဒီလို ရေချိုးနေတုန်း သူ့ဖိနပ်ကို တစ်ပါးက ကျိစယ်လိုတဲ့အနေနဲ့ ဝှက်ထားတယ်။ ဟိုရေချိုးနေတဲ့ ဦးပဉ္စင်းက ရေချိုးပြီးတဲ့အခါ ဖိနပ် စီးမယ်လို့ ကြည့်လိုက်တော့ သူ့ဖိနပ်ကို မတွေ့ရဘူး။ မတွေ့ရတော့ အဲဒီ ဦးပဉ္စင်းကလည်း သူ့ဖိနပ်ဝှက် ထားမှန်းသိလို့ ရယ်စရာအနေနဲ့ သူက ပြောတယ်၊ ပေါ့ပေါ့ဆဆ ပြောလိုက်တာပါပဲ။ "ဟော့ . . . ငါ့ဖိနပ်ကို ဘယ်ခွေးချီသွားမှန်း မသိဘူး" လို့ ပြောလိုက်သတဲ့။ ဒီတော့ ဖိနပ်ဝှက်ထားတဲ့ ဦးပဉ္စင်းက စိတ်နာလိုက်တာ မပြောပါနဲ့တော့။ "ငါ့ကို ခွေးဖြစ်အောင်ဆိုတယ်"လို့ အတွေးခေါင်ပြီးတော့ စိတ်နာလိုက်တာတဲ့။ ဟို ဖိနပ်ရှင်

http://www.dhammadownload.com

ဦးပဉ္စင်းကတော့ စေတနာ မပါပါဘူး၊ ခပ်ပေါ့ပေါ့ ပြောလိုက်တာပါပဲ။ စိတ်နာလောက်အောင်လို့ ပြောလိုက်တာ မဟုတ်ပါဘူး။ သူ့ဖိနပ် ပျောက်သွားတော့ ဒီလိုပြောရမှာပဲ။ ဖိနပ် ခွေးချီတယ်လို့ ပြောတာဟာ ပြောရိုးပြောစဉ်ပဲ။ အပြောခံရတဲ့ဦးပဉ္စင်းကတော့ "ငါ့ကိုခွေးဖြစ်အောင် ပြောရမလား" ဆိုပြီး စိတ်ဆိုးတာနဲ့ အုတ်ခဲကြီးနဲ့ ဖိနပ်ရှင်ဦးပဉ္စင်းရဲ့ ခေါင်းကို ထုလိုက်တာ ပျံလွန်တော်မူရာသတဲ့။ အောင်မယ် ပြောတာကတော့ သူဥစ္စာ မဖြစ်စလောက်ပဲ။ ဒါပေမယ့် ပြောတဲ့ ဦးပဉ္စင်းမှာ ပျံလွန်တော်မူရတယ်။ အုတ်ခဲနဲ့ ထုတဲ့ ပုဂ္ဂိုလ်လည်း ရာဇဝတ်ပြစ်မှုကြီး ဖြစ်ရတယ်။"

(ဝမ္မိကသုတ်တရားတော် – နှာ – ၁၃၉၊ ၁၄၀၊ ၁၄၁)

စာရေးသူတို့ မမီလိုက်တဲ့ တရားတစ်ပုဒ်ကို ဆရာတော်ဘုရားကြီး ပြန်ဟောပြလို့ သိခွင့်ရတာပါ။

ဇာတ်လမ်းလေးက စာကတစ်ဆင့် ဖတ်ရရုံနဲ့တင် ကြက်သီးထစရာပါ။ စိတ်သဘောမွန်မြတ်မှုလေးတွေကတော့ အတိုင်းအတာတစ်ခုအထိ ရှိနေမှာပါ။

http://www.dhammadownload.com

ဒါပေမယ့် ဖြစ်လာတဲ့ဒေါသကို မထိန်းလိုက်နိုင်တဲ့ အတွက် ကာယကံမြောက် ကျူးလွန်မိသားဖြစ်သွား ရတာပါ။ ဒါမျိုးလေးတွေက လူ့လောကမှာလည်း အများကြီးပါပဲ။ ဒေါသအလျှောက် ရာဇဝတ်သင့်နေတဲ့ ထောင်ထဲကသူတွေကို လေ့လာကြည့်ရင် ပင်ကိုယ် ဓာတ်ခံအားဖြင့် စိတ်ထားလေးတွေက ကောင်းကြ ပါတယ်။ ဒါပေမယ့် ဖျတ်ခနဲ ဖြစ်လိုက်တဲ့ဒေါသကို ဖျတ်ခနဲ မထိန်းလိုက်နိုင်တဲ့အတွက် ဖျတ်ခနဲ ပြုမိ သွားကြတာပါ။ သတိဝင်တဲ့အခါမှာ အားလုံးကျူးလွန် ပြီးသား ဖြစ်နေပါပြီ။ ဒီလိုကျူးလွန်မိလိုက်တာကို "ငါပြုမိလိုက်တာမှ ဟုတ်မှ ဟုတ်ပါ့မလား" ဆိုပြီး ကိုယ့်ကိုယ်ကိုတောင် မယုံပါဘူး။ ဒါပေမယ့် အရာ အားလုံးက နောက်ကျသွားခဲ့ပါပြီ။ နောက်ဆုံးတော့ လောကပြစ် ဓမ္မပြစ်တွေကို နှင့်နှင့်ကြီး ခံစားသွား ရတော့တာပါ။

တကယ်လို့ ဒေါသမဖြစ်ဘဲ မနေနိုင်လို့ ဖြစ်မယ်ဆိုရင်လည်း မနောက်အဆင့်လောက်မှာပဲ

http://www.dhammadownload.com

ဖြစ်နေပြီး ဝစီကံနဲ့ ကာယကံကို ကောင်းကောင်း စောင့်ထိန်းထားလိုက်နိုင်ရင် အခုလို အဖြစ်ဆိုးကြီးနဲ့ ကြုံရမှာမဟုတ်ပါဘူး။

အနာဂါမ်မဖြစ်သရွေ့တော့ ဒေါသက ရှိနေဦးမှာပါ။ ဒါပေမယ့် ဖြစ်ဦးတော့ မနောကံအဆင့်မှာပဲ ထိန်းထားလိုက်နိုင်အောင် ကြိုးစားရပါမယ်။ မနောကံအဆင့်မှာပဲ ဖြစ်နေတာဆိုတော့ သူတစ်ပါး မသိပါဘူး။ ဒီတော့ ကိုယ့်ကိုလည်း သူတစ်ပါးက အထင်မသေးတော့ပါဘူး။ တကယ်လို့ ပက်ကနဲ ပြန်ပြောမိလိုက်ရင် ကိုယ်ဒေါသထွက်တာ လူသိသွားပါပြီ။ ဒါဆို ကိုယ့်ကိုလည်း အထင်သေးသွားပါပြီ။

ဦးဇင်းလေးနှစ်ပါးရဲ့ဖြစ်စဉ်ကို အားလုံးကြားဖူးတဲ့ ဇာတ်လမ်းလေးတစ်ပုဒ်နဲ့ နိဂုံးယှဉ်ကြည့်ရအောင်ပါ။

တစ်ခါတုန်းက ရဟန်းတစ်ပါးဟာ ကျောင်းဆောက်ဖို့ သစ်ပင်ခုတ်ပါတယ်။ အဲဒီသစ်ပင်မှာ သားငယ်တစ်ဦးနဲ့ နေနေတဲ့ နတ်သမီးက သူနေနေတဲ့ ဗိမာန်ကို မဖျက်ဆီးဖို့ တောင်းပန်ပါတယ်။ ဒါပေမယ့်

http://www.dhammadownload.com

မရပါဘူး။ ရဟန်းက စိတ်လက်မာန်ပါနဲ့ ခုတ်ချလိုက်တာ နတ်သမီးရဲ့ သားငယ်လေးလက်ကို ထိခိုက်သွားပါတယ်။ ဒီတော့ နတ်သမီးက ဒေါသအကြီးအကျယ်ထွက်ပြီး ရဟန်းကို သတ်ပစ်မလို့ ကြံလိုက်ပါတယ်။ ဒါပေမယ့် ဖြစ်နေတဲ့ ဒေါသကို ထိန်းသိမ်းပြီး မြတ်စွာဘုရားရှင်ကို အကျိုးအကြောင်း သွားလျှောက်ပြပါတယ်။

ဒီတော့ မြတ်စွာဘုရားက "ချစ်သမီး . . . ကိုယ့်ရဲ့ဒေါသကို သိမ်းဆည်းနိုင်ခဲ့တာ သိပ်ကောင်းတာပဲ။ တကယ်လို့ ချစ်သမီးက အဲဒီရဟန်းရဲ့ အသက်ကို အန္တရာယ်ပြုလိုက်ရင် ချစ်သမီးအတွက် အကုသိုလ်တွေ တိုးပွားသွားလိမ့်မယ်"လို့ အားပေးနှစ်သိမ့်စကားပြောလိုက်ပါတယ်။ ပြီးတော့ မြတ်စွာဘုရားရှင် ကျောင်းအနီးမှာရှိတဲ့ သစ်ပင်တစ်ပင်မှာ နေဖို့ပေးလိုက်ပါတယ်။

ရဟန်းငယ်လေးကော၊ နတ်သမီးလေးကော ဒေါသတော့ ဖြစ်လိုက်ကြတာပါပဲ။ ဒါပေမယ့် ရဟန်း

http://www.dhammadownload.com

ငယ်လေးက ကာယကံနဲ့ ဝစီကံကို မထိန်းလိုက်နိုင်ပါဘူး။ နတ်သမီးလေးက ကာယကံနဲ့ ဝစီကံကို ထိန်းလိုက်နိုင်ပါတယ်။ ဒေါသဖြစ်တာချင်းအတူတူ ကာယကံနဲ့ ဝစီကံကို ထိန်းနိုင်ခြင်းနဲ့ မထိန်းနိုင်ခြင်း ကွာသွားပါတယ်။

ဖြစ်စဉ်လေးက စက္ကန့်ပိုင်း၊ မိနစ်ပိုင်း အတွင်းလေးပါ။ ကိုယ်က ဒီစက္ကန့်ပိုင်း၊ မိနစ်ပိုင်းအတွင်းလေးကို ကောင်းကောင်း ထိန်းလိုက်နိုင်ဖို့ပါ။ မထိန်းလိုက်နိုင်ရင် ကြီးမားတဲ့အပြစ်ဆိုးကျိုးကြီးကို ရလိုက်တော့တာပါ။

ဒီနေရာမှာ နည်းယူဖို့ကောင်းတာက နတ်သမီးလေးရဲ့ အပြုအမူပါ။ နတ်သမီးလေးက ဖြစ်လာတဲ့ ဒေါသကို ထိန်းပြီး အားကိုးလေးစားရာ မြတ်စွာဘုရားကို သွားလျှောက်တာပါ။ သွားလျှောက်တာ အမှားမဖြစ်တော့ပါဘူး။

ကိုယ်က ဒါလေးကို နည်းယူပြီး ဒေါသဖြစ်လာတဲ့အခါ ကိုယ်လေးစားရတဲ့ တရားအသိ အတော်အတန်ရှိတဲ့ ဆရာသမား၊ မိဘ မိတ်ကောင်းဆွေကောင်း

http://www.dhammadownload.com

တစ်ဦးဦးဆီ ပြောပြလိုက်ဖို့ပါ။ ဆရာမိတ်ဆွေတွေရဲ့ တရားစကားလေး တစ်ခွန်းလောက် ကြားလိုက်ရရင် ဖြစ်နေတဲ့ဒေါသက ပြေသွားတာများပါတယ်။ ဒါလည်း နည်းယူရမယ့် ဒေါသဖြေနည်း တစ်ခုပါ။ ဒေါသ ဖြစ်လာတဲ့အခါ ကိုယ်တိုင်မဆုံးဖြတ်ဘဲ ကိုယ့်ထက် အသိဉာဏ် အတွေ့အကြုံရှိတဲ့သူကို တိုင်ပင်ပြီးမှလုပ် တာက အကောင်းဆုံးပါ။ ဒေါသဖြစ်နေတုန်း ကိုယ့် သဘောနဲ့ကိုယ် ဆုံးဖြတ်ရင် မှားတာများပါတယ်။

ဒီတော့ ဒေါသဖြစ်လာပြီဆိုရင် ကိုယ်လေးစား ရသူတစ်ဦးဦးကို ရင်ဖွင့်ပြောပြလိုက်ပါ။ ရင်ဖွင့်လိုက်ရင် စိတ်က ပေါ့သွားတာ များပါတယ်။

တစ်ခု သတိထားရမှာက ကိုယ်တိုင်ပင်နည်းခံ တဲ့သူက တရားအသိအားနည်းပြီး "ကိုယ့်ကို ဒီလို စော်ကားတာ ငြိမ်ခံမနေနဲ့၊ ပြန်သာဆော်ပစ်လိုက်ပါလား၊ ငါဘာကူညီရမလဲ" ဆိုပြီး မြှောက်ပေးတဲ့သူ မဖြစ်ဖို့တော့ လိုပါတယ်။ အဲဒီလို တရားအသိအားနည်းတဲ့သူမျိုးများ သွားတိုင်ပင်မိရင် ကိုယ်က မကျူးလွန်ချင်ဦးတော့

http://www.dhammadownload.com

သူ့ကြောင့် ကျွဲးလွန်ချင်စိတ်တောင် ဖြစ်သွားဦးမှာပါ။

လူသုံးမျိုးတွေ့ရပါတယ်။

ဒါသမဖြစ်အောင်နေတဲ့သူရယ်၊ ဒါသဖြစ်ပေမယ့် ကိုယ်ဖြစ်တဲ့ဒါသကိုသိပြီး ရတဲ့နည်းတစ်ခုခုနဲ့ ပယ်ပစ်တဲ့သူရယ်၊ ဒါသဖြစ်ပေမယ့် ကိုယ်ဒါသဖြစ်နေမှန်း မသိဘဲ ဆက်ကာ ဆက်ကာ ဖြစ်နေတဲ့သူရယ်ပါ။

တချို့က ဒါသမဖြစ်အောင်ကို နေတာပါ။ သူ့ကို ကြည့်လိုက်ရင် ပြုံးပြုံး ပြုံးပြုံးနဲ့ပါ။ မျက်နှာကလည်း ကြည်လင် နေတာပါ။ ဒါသမဖြစ်တော့ စိတ်က ကြည်နေ၊ စိတ်ကြည်နေတော့ ရုပ်ကပါ လိုက်ကြည်လင်နေတာပါ။

တချို့ကျတော့ အလိုမရှိတဲ့ အာရုံတစ်ခုခုကိုတွေ့ပြီး ဒါသတော့ ဖြစ်လိုက်တာပါပဲ။ ဒါပေမယ့် ကိုယ်ဒါသဖြစ်နေမှန်းကို ချက်ချင်းသိလိုက်ပါတယ်။ သိတာနဲ့ ပယ်လို့ရတဲ့နည်းတစ်ခုခုနဲ့ ပယ်ပယ်ပစ်တာပါ။ ဒါသဖြစ်ပေမယ့် ဖြစ်တဲ့ဒါသက အကြာကြီး တည်

http://www.dhammadownload.com

မနေတော့ပါဘူး။

တချို့ကျတော့ ကိုယ်ဒေါသဖြစ်ပေမယ့် ဖြစ်မှန်းကို မသိတော့တာပါ။ ဒါကြောင့် ဒေါသကို ဆက်ကာဆက်ကာ ဖြစ်နေတော့တာပါ။ မနေနိုင်တော့တဲ့အဆုံး မပြောသင့်တဲ့စကားတွေ ပြောချလိုက်မိရော။ မလုပ်သင့်တာတွေ လုပ်ချလိုက်မိရော။ နောက်ဆုံးတော့ ကြီးမားတဲ့ လောကပြစ်၊ ဓမ္မပြစ်ကြီးတွေပါ ကျူးလွန်မိသူ ဖြစ်သွားတော့တာပါ။ ဒီအခြေအနေမျိုး ရောက်သွားရင် သိပ်ကြောက်ဖို့ ကောင်းတာပါ။

ကိုယ်က ပါရမီအားနည်းသေးလို့ ပထမအမျိုးအစားမှာ မပါသေးရင်တောင် ဒုတိယအမျိုးအစားတော့ပါအောင် ကြိုးစားရမှာပါ။

ဒေါသဖြစ်လာပြီဆိုရင် ကိုယ်ဒေါသဖြစ်နေတာကို သိလိုက်ဖို့ပါ။ ကိုယ့်ရှေ့မှာရှိတဲ့ ခွက်ကလေးကို ထိုင်ကြည့်နေသလို ဖြစ်နေတဲ့ဒေါသလေးကို စိတ်ကလေးနဲ့ ထိုင်ကြည့်နေဖို့ပါ။ တတ်နိုင်သရွေ့ ဒေါသရဲ့သဘောလေးကို မိနိုင်သမျှ မိအောင် ကြည့်နေလိုက်ဖို့ပါ။

http://www.dhammadownload.com

ဒေါသကလေးက ဘယ်လိုလေးလဲ၊ ဘယ်လိုလေးဖြစ်နေတာလဲဆိုပြီး ဒေါသရဲ့သဘောလေးကို သိနေလိုက်ဖို့ပါပဲ။

ဒီတော့ ဒေါသဖြစ်ဖြစ်လာပြီဆိုရင် နှုတ်ကလည်း ပြောလိုက်ပါဦး။ "ကိုင်း . . ဒေါသရေ၊ ကြိုက်သလောက်ဖြစ်စမ်း၊ ငါကတော့ မင်းကို စိုက်ကြည့်နေမှာပဲ"လို့ပြောပြီး ဒေါသကို သေချာသာစိုက်ကြည့်နေလိုက်ပါ။ မျက်စိနဲ့ကြည့်ရမှာတော့ မဟုတ်ပါဘူး။ စိတ်နဲ့ကြည့်နေရမှာပါ။ ရှေ့မှာချထားတဲ့ ကော်ဖီခွက်ကလေးကို သေချာစိုက်ကြည့်နေရင် ခွက်ကလေးရဲ့သဘောလေးကို သိရသလို ဖြစ်နေတဲ့ ဒေါသလေးက ဘယ်လိုလေးလဲ၊ ဘယ်လိုသဘောလေးဖြစ်နေတာလဲဆိုတာ သိအောင် ကြည့်ရမှာပါ။

သိစ ကြည့်စမှာတော့ ဒေါသကလေးက ပျောက်ဦးမှာမဟုတ်သေးပါဘူး။ သိပါ, သိပါ၊ ကြည့်ပါ, ကြည့်ပါများလာရင် ဒေါသလေးက လျော့လျော့သွားတာများပါတယ်။ လိုရင်းကတော့ ဒေါသဖြစ်လာရင် ဒေါသ

http://www.dhammadownload.com

ကို ပြန်ကြည့်နေလိုက်ဖို့ပါ။

အဲဒီလို ဒေါသဖြစ်နေတာလေးကို သိနေလိုက်တာဟာ အဆင့်မြင့် ဝိပဿနာနဲ့ပယ်လိုက်တာပါပဲ။

မဟာသတိပဋ္ဌာန်သုတ်မှာ ဒေါသဖြစ်ရင် ဖြစ်တယ်လို့ သိလိုက်ပါတဲ့။ မြတ်စွာဘုရားက ရိုးရိုးလေးပဲ ပြထားတာပါ။

ကျင့်စမှာတော့ ခက်နေမှာပါ။ ကျင့်ပါများသွားရင် အလေ့အကျင့်ဖြစ်ပြီး လွယ်သွားလိမ့်မယ်။ မခက်လှတဲ့ ကျင့်စဉ်လေးကို လက်တွေ့ ကျင့်သုံးကြည့်သင့်ပါတယ်။ ကျင့်နေတဲ့အချိန်မှာ တစ်ဖက်ကလည်း "ငါ မြတ်စွာဘုရားကို အကျင့်နဲ့ပူဇော်နေတယ်၊ ငါ မြတ်စွာဘုရားကို အကျင့်နဲ့ပူဇော်နေတယ်"လို့ နှလုံးသွင်းနေလိုက်ပါ။ မြတ်စွာဘုရားကို အကျင့်နဲ့ပူဇော်နေတာဆိုတော့ မြတ်စွာဘုရားရဲ့ မျက်နှာတော်လေးကို မြင်ယောင်ပြီး မြတ်စွာဘုရားကို အားနာသွားပြီး ဒေါသကို ဆက်ပြီးမဖြစ်ရက်တော့ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကိုယ်က မြတ်စွာဘုရားကို အနှိုင်းမဲ့ကြည်ညိုထား

http://www.dhammadownload.com

ရလို့ပါ။

"ဒေါသဖြစ်လိုက်တာနဲ့ သိလိုက်ပြီး မြတ်စွာဘုရားကို အကျင့်နဲ့ ပူဇော်လိုက်လိုက်"၊ "ဒေါသဖြစ်လိုက်တာနဲ့ သိလိုက်ပြီး မြတ်စွာဘုရားကို အကျင့်နဲ့ ပူဇော်လိုက်လိုက်"နဲ့ ကြာလာတော့ ဒုတိယအမျိုးအစားထဲမှာ ပါသွားပါလိမ့်မယ်။ ဆက်လက်ပြီး ကျင့်သွားမယ်ဆိုရင်တော့ ပထမအမျိုးအစားထဲမှာတောင် ပါသွားတော့မှာပါ။

အဲဒီလိုမှ မပျောက်ရင် "ငါ ဒေါသဖြစ်နေတယ်၊ ငါ ဒေါသဖြစ်နေတယ်"လို့ ထပ်ကာ ထပ်ကာ ဆိုနေလိုက်ပါ။ တကယ်လို့ ဒေါသက အင်အားသိပ်ကောင်းနေရင်လည်း "ငါ ဒေါသဖြစ်နေတယ်၊ ငါ ဒေါသဖြစ်နေတယ်"လို့ အသံကိုမြှင့်ပြီး ခပ်ကျယ်ကျယ်လေးသာ အော်ဆိုနေလိုက်ပါ။ ရွတ်ဆိုရင်းနဲ့ အသိဉာဏ်ဝင်လာတဲ့အခါ ဒေါသက လျော့သွားတာများပါတယ်။

အဓိကကတော့ ဒေါသကိုပယ်ချင်တဲ့ စိတ်ရှိဖို့ပါပဲ။ ပုထုဇဉ်အလျောက် ဒေါသကို မပယ်နိုင်သေးလို့

http://www.dhammadownload.com

ဒေါသဖြစ်နေရသေးပေမယ့် ကိုယ်က ဒေါသကို ပယ်ချင်စိတ်ရှိဖို့ပါပဲ။ ပယ်ချင်စိတ်ကို အခြေခံပြီး ရွတ်နေရင် လျော့လျော့သွားတာ များပါတယ်။

နောက်တစ်ခု သတိထားရမှာက ဒေါသဖြစ်နေတဲ့အချိန်မှာ ကိုယ်ဒေါသဖြစ်ရသူနဲ့ ဘာစကားမှ မပြောမိအောင်ရယ် ဘာမှမလုပ်မိအောင်ရယ် အထူးသတိထားရပါ့မယ်။ ဒေါသထွက်နေတုန်း ပြောလိုက် ပြုလိုက်ရင် မှားသွားတာများလို့ပါ။

စာထဲမှာ ဘာဖြစ်လို့ ဒေါသဖြစ်ရသလဲဆိုတော့ အနိဋ္ဌာရုံနဲ့ အယောနိသောမနသိကာရကြောင့်ပါတဲ့။

အနိဋ္ဌာရုံဆိုတာ ကိုယ်မနှစ်သက်တဲ့အာရုံ ကိုယ်အလိုမရှိအပ်တဲ့ အာရုံပါ။

ကိုယ်မနှစ်သက်တဲ့ အဆင်း အသံ အနံ့ အရသာ အတွေ့အထိ ကိုယ်မနှစ်သက်တဲ့ အစားအစာ၊ ကိုယ်မနှစ်သက်တဲ့ပစ္စည်း၊ ကိုယ်မနှစ်သက်တဲ့လူ စသည်စသည်တွေကြောင့် ဒေါသဖြစ်ရပါတယ်။

http://www.dhammadownload.com

နောက်တစ်ခုက အယောနိသောမနသိကာရ = နှလုံးသွင်းမှားမှုကြောင့်လည်း ဖြစ်ရပါတယ်။

ကိုယ်မနှစ်သက်တဲ့ အနိဋ္ဌာရုံကြောင့်လည်း ဒေါသဖြစ်ရတာဆိုတော့ အနိဋ္ဌာရုံတွေကို မမြင်အောင် မကြားအောင် ကြိုရှောင်ထားလိုက်ရင်လည်း ဒေါသကို ကြိုတားပြီးသား ဖြစ်နေပါတယ်။

စာမှာတော့ ဒေါသဖြစ်ရခြင်းရဲ့ အကြောင်းရင်း ဖြစ်တဲ့ အနိဋ္ဌာရုံနဲ့ အယောနိသောမနသိကာရကြောင့်လို့ ဆိုပေမယ့် အယောနိသောမနသိကာရက အဓိကကျပါတယ်တဲ့။ ဘာဖြစ်လို့လဲဆိုတော့ ကိုယ်မနှစ်သက်တဲ့ အနိဋ္ဌာရုံနဲ့တွေ့ဦးတော့ ယောနိသောမနသိကာရနဲ့ နှလုံးသွင်းလိုက်ရင် ဒေါသ မဖြစ်တော့ပါဘူးတဲ့။

ဒေါသကို ပယ်ချင်တဲ့သူက ဒီစာမှတ်ချက်ကလေးကို သေချာအာရုံပြုထားရမှာပါ။ ကြုံလာတဲ့ အာရုံတိုင်းကို ယောနိသောမနသိကာရနဲ့ နှလုံးသွင်းထားလိုက်ရင် ဒေါသဖြစ်နိုင်စရာ မရှိတော့ပါဘူး။

စာထဲမှာ ထပ်ပြထားတာကတော့ အနိဋ္ဌာရုံကို

http://www.dhammadownload.com

တားလို့မရပါဘူးတဲ့။ ဟုတ်လည်း ဟုတ်ပါတယ်။ ပတ်ဝန်းကျင်နဲ့ နေရတာဆိုတော့ ကိုယ်မနှစ်သက်တဲ့ အနိဋ္ဌာရုံကတော့ အရှေ့ အနောက် တောင် မြောက် ဝဲ ယာကနေ ပေါ်ချင်သလို ပေါ်ပေါ်နေမှာပါ။ ဘယ်လိုမှ တားလို့ရမှာမဟုတ်ပါဘူး။

ယောနိသောမနသိကာရကို လက်ကိုင်ထားနိုင်မှ ကိုယ်မဖြစ်ချင်တဲ့ ဒေါသက မဖြစ်မှာပါ။

ဒီတော့ ကိုယ်မနှစ်သက်တဲ့ အာရုံကို ယောနိသောမနသိကာရနဲ့ နှလုံးသွင်းတဲ့အလေ့လေးကို ထပ်ကာ ထပ်ကာ လေ့ကျင့်ထုံထားနိုင်ရပါမယ်။ လေ့ကျင့်စမှာတော့ ရချင်မှရမှာပါ။ လေ့ကျင့်ပါ များလာရင်တော့ အတိုင်းအတာ တစ်ခုအထိတော့ ရင့်ကျက်သွားတော့မှာပါ။

ဒါကြောင့် ကိုယ်မနှစ်သက်တဲ့ အနိဋ္ဌာရုံတွေ့လိုက်တာနဲ့ "ငါ ယောနိသောမနသိကာရနဲ့ နေမယ်" "ငါ ယောနိသောမနသိကာရနဲ့ နေမယ်" လို့ ငါးခါခြောက်ခါလောက် ဆင်ခြင်ပစ်လိုက်ပါ။

http://www.dhammadownload.com

ဆင်ခြင်မှုကို လျှော့မတွက်ပါနဲ့။ ဆင်ခြင်ပါများရင် အဲဒီဆင်ခြင်မှုကပဲ ယောနိသောမနသိကာရဖြစ်ဖို့အတွက် ကူညီသွားပါလိမ့်မယ်။ ဈာတ်ဝတ္ထုတွေထဲမှာ ဆင်ခြင်ရင်းနဲ့ သံဝေဂဖြစ်၊ အဲဒီသံဝေဂကိုပဲ အခြေခံပြီး ဝိပဿနာ ဆက်ကူးသွားတာ တရားထူးတရားမြတ် ရသွားတဲ့ သာဓကတွေ အများကြီးရယ်ပါ။ ဆင်ခြင်မှုက တရားထူး တရားမြတ်ရဖို့အထိတောင် အထောက်အပံ့ ဖြစ်တာပါ။ ဒီတော့ ရတာ မရတာထား၊ ဆင်ခြင်စရာရှိတာ တင်းတင်းသာ ဆင်ခြင်နေလိုက်ပါ။ ဆင်ခြင်မှုရဲ့ အကျိုးကိုတော့ ခံစားရပါလိမ့်မယ်။

ဒေါသ ပယ်နည်းတွေကတော့ စာထဲမှာ အများကြီးပါပဲ။ ဒီတော့ ဆင်ခြင်နှလုံးသွင်းပြီး ပယ်တာရယ်၊ ဝိပဿနာနဲ့ ပယ်တာရယ်ပဲ ရေးပြလိုက်ပါတယ်။

ကဲ . . . စာဖတ်သူ၊ ဒေါသဖြစ်လာတဲ့အခါ "ကဲ . . ဒေါသ၊ မင်းကြောက်သလောက် ဖြစ်စမ်း၊ ငါကတော့ မင်းကို သေချာထိုင်ကြည့်နေမှာပဲ" ဆိုပြီး ဖြစ်လာတဲ့ ဒေါသကလေးကို စိုက်ကြည့်နေလိုက်ပါ။

http://www.dhammadownload.com

ကြည့်ပါ ကြည့်ပါများလာရင် တစ်နေ့သောအခါမှာ ဒေါသနည်းသူတစ်ယောက် ဖြစ်သွားပါလိမ့်မယ်။

ရပ်ရွာတေးကဗျာ
ရူလိုင်၊ ၂၀၀၈။

ကျမ်းကိုး

၁။ ဒေါသကထာ
(မောင်းထောင်ဆရာတော်ဘုရားကြီး)
၂။ ဗုဒ္ဓအဘိဓမ္မာ စေတသိတ်များ အဖွင့်
(လောဘ၊ ဒေါသ၊ မောဟ)
သာသနာရေးဦးစီးဌာန။

http://www.dhammadownload.com

မေတ္တာအတွေးများ

မေတ္တာပွားတဲ့အခါ ရန်သူကို နောက်ဆုံးမှ ပွား ရမယ်လို့ ပြောခဲ့ပြီးပါပြီ။

မေတ္တာပို့ရမယ့်အစဉ်ထဲမှာ ရန်သူလည်း ပါနေ တော့ တာဝန်တစ်ခုအနေနဲ့ ပို့လိုက်တာအကောင်းဆုံးပါ။

ဒါနဲ့ပတ်သက်ပြီး ဆရာကြီးဦးဌေးလှိုင်က သူ့ ရဲ့ မေတ္တာဝါဒစာအုပ်မှာ ကိုယ်တွေ့ဝတ္ထုလေး ထည့်ရေး ပြထားပါတယ်။ အဲဒီဝတ္ထုလေးအကျဉ်းချုပ် ပြောပြရ အောင်ပါ။

http://www.dhammadownload.com

တစ်ခါတုန်းက မဟာစည်ဆရာတော်ဘုရားကြီးဆီကို ဒကာမကြီးတစ်ယောက် တရားလာအားထုတ်ပါတယ်။ ဒါပေမယ့် သူက တရားမှတ်လို့မရဘဲဖြစ်နေပါတယ်။ ဒါကြောင့် ဆရာတော်ကြီးက မေတ္တာပွားနည်းကို အရင်သင်ပေးပါတယ်။

တရားစစ်တဲ့အခါကျတော့..ဒကာမကြီးက "တပည့်တော် ကျန်တဲ့သူတွေကို မေတ္တာပို့လို့ ရပေမယ့် စီးပွားပြိုင်ဘက် ရန်သူအိမ်နီးချင်း ဒကာမကိုတော့ ပို့လို့ မရ ဖြစ်နေတယ်ဘုရား"လို့ လျှောက်ပြပါတယ်။ ဒီတော့ ဆရာတော်ကြီးက "ရန်သူကို နောက်ဆုံးမှထားပို့ပါ။ ပို့လည်း ပို့ကြည့်ပါဦး။ သံသရာမှာ ဆွေမျိုးမတော်ခဲ့သူ မရှိဘူး။ သူ့ကျေးဇူးလေးတွေကိုရှုပြီး ပို့ပါ"လို့ အကြံပေးလိုက်ပါတယ်။

နောက်သုံးလေးရက်ကြာလာတော့ ဒကာမကြီးက ဆရာတော်ဘုရားကြီးဆီ ပြန်ရောက်လာပြီး "ဆရာတော်ဘုရား တပည့်တော် မေတ္တာပို့လို့ ရသွားပါပြီဘုရား၊ မေတ္တာပို့နေရင်း တပည့်တော်ရဲ့ အာရုံထဲမှာ

http://www.dhammadownload.com

ပို့ရင်းပို့ရင်းနဲ့ သူ့မျက်နှာက ပြုံးလာပါတယ်ဘုရား။ ပြုံးပြီး တပည့်တော်ကို တောင်းပန်ပါတယ်။ ဒီလောက်နဲ့ တပည့်တော် မအံ့သြသေးပါဘူး။ အပြင်မှာလည်း တပည့်တော်ကို တရားအာရုံထဲမှာမြင်ရတဲ့ အကျိုးလုံးချည်နဲ့ လာတောင်းပန်ပါတယ် ဘုရား"လို့ သူက လျှောက်ပြပါတယ်။

ဆရာကြီးဦးဌေးလှိုင်က သူ့ ကိုယ်တွေ့ကလေးကို ထုတ်ပြထားတာပါ။

ပုထုဇဉ်တွေဆိုတော့ သူ့အတိုင်းအတာနဲ့သူတော့ ရန်သူ မလိုလားသူ သဘောထား မတိုက်ဆိုင်သူတွေကတော့ ရှိနေကြမှာပါပဲ။ဒီတော့ ဒေါသကလည်း ဝင်လာတော့မှာပါ။ ဘယ်လိုနည်းနဲ့ပဲ ဝင်လာ ဝင်လာ၊ မေတ္တာပွားချင်သူတစ်ယောက်အနေနဲ့ ဝင်လာတဲ့ဒေါသကို ပယ်ပစ်ရပါ့မယ်။ ဒေါသဟာ မေတ္တာရဲ့ ရန်သူပါ။ ဒီတော့ ဘယ်လိုပယ်မလဲ...?။

ဝိသုဒ္ဓိမဂ်က ဒေါသဝင်လာရင် ဖြေဖျောက်နည်း (၁၁)နည်းကို ဆက်ပြထားပါတယ်။ အဲဒီ(၁၁)

http://www.dhammadownload.com

နည်းကိုလည်း ဒီမှာခပ်ကျဉ်းကျဉ်း ပြောပြရအောင်ပါ။

၁။ မေတ္တာပွားပြီး ဖျောက်ခြင်း၊

၂။ မြတ်စွာဘုရား၏ အဆုံးအမသြဝါဒကို ဆင်ခြင်ပြီး ဖျောက်ခြင်း၊

၃။ ရန်သူ၏ ကောင်းကွက်ကိုရှာပြီးဖျောက်ခြင်း၊

၄။ သနားပြီး ဖျောက်ခြင်း၊

၅။ မိမိကိုယ်ကို ဆုံးမပြီး ဖျောက်ခြင်း၊

၆။ ကမ္မဿကတာဉာဏ်ဖြင့် ဖျောက်ခြင်း၊

၇။ သည်းခံပုံစာတ်တော်လာနည်းများဖြင့် ဖျောက်ခြင်း၊

၈။ သံသရာတစ်လျှောက်၌ ဆွေမျိုးမတော်ခဲ့သူ မရှိဟု ဆင်ခြင်ပြီး ဖျောက်ခြင်း၊

၉။ မေတ္တာအကျိုးကို ဆင်ခြင်ပြီး ဖျောက်ခြင်း၊

၁၀။ ဓာတ်ခွဲပြီး ဖျောက်ခြင်း၊

၁၁။ ဥစ္စာပေးယူပြီး ဖျောက်ခြင်း၊

အားလုံးပေါင်း (၁၁)နည်းပါ။

နံပါတ်(၁) က မေတ္တာပွားပြီး ဖျောက်ရပါ့မယ်။

http://www.dhammadownload.com

ရှေ့မှာပြောခဲ့တဲ့အတိုင်း မိမိ, ချစ်သူ , အလယ်အလတ် ပုဂ္ဂိုလ်, ရန်သူကို အစဉ်အတိုင်း ပွားရပါ့မယ်။ အဲဒီလို ပွားပြီး ဖျောက်ပါတဲ့။

မေတ္တာပွားလို့မှ မပျောက်ရင် နံပါတ် (၂) က မြတ်စွာဘုရားရဲ့ ဩဝါဒကို ဆင်ခြင်ပြီး ဖျောက်ရပါ့မယ်။ ဆင်ခြင်ပုံကတော့...

"အို... ယောဂီ အမျက်ထွက်တာ မကောင်းမှန်းသိပါလျက် အမျက်ထွက်လာသူကို ကိုယ်က ပြန်ထွက်ရင် ပထမအမျက်ထွက်တဲ့သူထက် ပိုမိုက်တယ်လို့ မြတ်စွာဘုရား ဟောထားတယ် မဟုတ်လား။

ပြီးတော့ သူတစ်ပါး အမျက်ထွက်တာကိုသိပြီး ကိုယ်ကမထွက်ဘဲ နေလိုက်တာဟာ မိမိသူတစ်ပါး နှစ်ဦးသားရဲ့ အကျိုးကို ကျင့်လိုက်တာ ဖြစ်တယ်လို့လည်း မြတ်စွာဘုရား ဟောထားတယ် မဟုတ်လား။

အစွန်းနှစ်ဖက်ကလည်းမီးလောင်၊ အလယ်မှာလည်း မစင်ပေနေ၊ သူသေကောင်ဖုတ်တဲ့နေရာမှာလည်း အသုံးပြုထားတဲ့ ထင်းကုလားတုံးဟာ မြို့ရွာမှာ

http://www.dhammadownload.com

ဘာမှအသုံးမဝင်သလို ဒေါသထွက်တဲ့သူဟာလည်း အဲဒီထင်းတုံးအတိုင်းပါပဲလို့ မြတ်စွာဘုရား ဟောထားပြန်တယ်မဟုတ်လား"စသည်ဖြင့် အဲဒီလိုဆင်ခြင်ပြီး ဖျောက်ပါတဲ့။ ဒါမှမဟုတ် တခြား ကိုယ်ကြားဖူးတဲ့ သဝါဒနဲ့လည်း ဆင်ခြင်ပြီး ဖျောက်လို့ရပါတယ်။

အဲဒီလို ဆင်ခြင်လို့မှမဖျောက်ရင် နံပါတ်(၃)က ရန်သူရဲ့ ကောင်းကွက်ကလေးကိုရှာပြီး ဖျောက်ပါတဲ့။ "ဪ သူကအပြောသာကြမ်းတာ၊ အတွင်းစိတ်ကတော့ ကောင်းသားပဲ၊ ဘယ်တုန်းကတော့ငါ့ကို ဘယ်လိုကူညီခဲ့ဖူးတာပဲ"စသည်ဖြင့် ကောင်းကွက် ဒါမှမဟုတ် ပြုခဲ့ဖူးတဲ့ ကျေးဇူးလေးတွေကိုဆင်ခြင်ပြီး ဖျောက်ရပါတယ်။

နံပါတ်(၄)က သနားပြီးဖျောက်ပါတဲ့။"ဪ သူငါ့အပေါ် မကောင်းတဲ့စိတ်တွေ ထားနေပါလား၊ အဲဒီမကောင်းတဲ့စိတ်က သူ့ကိုမကောင်းကျိုး ပေးတော့မှာပဲ၊အို ...သနားစရာပဲ"အဲဒီလိုသနားပြီး ဖျောက်ပါ။ ကရုဏာထားပြီး ဖျောက်ပါတဲ့။

အဲဒီလိုဆင်ခြင်လို့မှ မဖျောက်ရင် နံပါတ်(၅)က

http://www.dhammadownload.com

ကိုယ့်ကိုယ်ကို ဆုံးမပြီး ဖျောက်ပါတဲ့။

ဝိသုဒ္ဓိမဂ်ကတော့ ဆုံးမပုံနဲ့ပတ်သက်ပြီး ဂါထာ(၁၀)ဂါထာ ပြထားပါတယ်။ ဒီမှာတော့ အဲဒီ (၁၀) ဂါထာလုံးကို မပြောတော့ပါဘူး။ ကိုယ့်ကိုယ်ကို ဆုံးမတတ်သလိုဆုံးမပြီး ဖျောက်လို့ရပါတယ်။ "အို...ယောဂီ၊ ရန်သူကိုအမျက်ပြန်ထွက်ရင် သူ့အကြိုက် ဖြစ်မှာပေါ့။ ကိုယ့်အမျက်ထွက်လိုက်လို့ သူ့ရဲ့ဆင်းရဲမှုကို ပြုန်ိုင်တာလည်းရှိမယ်၊ မပြုန်ိုင်တာလည်းရှိမယ်။ ဒါပေမယ့် လောလောဆယ် ကိုယ်ကတော့ ဒေါသရဲ့ နှိပ်စက်မှုကို ခံနေရပြီမဟုတ်လား" စသည်ဖြင့် ကိုယ့်ကိုယ်ကို ဆုံးမပြီး ဖျောက်ပါတဲ့။

အဲဒီလိုဆင်ခြင်လို့မှမဖျောက်ရင် နံပါတ်(၆)က ကမ္မဿကတာဉာဏ်နဲ့ ဖျောက်ပါတဲ့။ ကမ္မဿကတာဉာဏ်ဆိုတာ ကံသာလျှင် ကိုယ်ပိုင်ဥစ္စာ ရှိတယ်လို့ သိတဲ့ ဉာဏ်ပါ။

"သူပြုနေတဲ့ မကောင်းတဲ့ကံဟာ သူ့ရဲ့ကိုယ်ပိုင်ဥစ္စာ ဖြစ်သွားပြီ။ အဲဒီကံကပဲ မကောင်းကံအား

http://www.dhammadownload.com

လျော်စွာ အကျိုးပေးတော့မှာ၊ ငါက ဝေဖန်စရာမလိုဘူး၊ ကံကပဲသူ့ကို ဝေဖန်ပေးလိမ့်မယ်။" အဲဒီလိုကံကို ဆင်ခြင်ပြီး ဖျောက်ရပါ့မယ်။

အဲဒီလို ဆင်ခြင်လို့မှ မဖျောက်ရင် နံပါတ်(၇) က သည်းခံမှုဇာတ်တော်တွေကို အာရုံပြုပြီး ဖျောက်ပါတဲ့။ မဟာသီလဝဇာတ်၊ ခန္တီဝါဒီဇာတ်၊ ဆဒ္ဒန္တဇာတ်၊ မဟာကပိဇာတ် စသည်ဖြင့် ကိုယ်ကြားဖူးတဲ့ ဇာတ်တစ်ခုခုကို အာရုံပြုပြီး "ဘုရားအလောင်းဟာ သည်းခံခဲ့တယ်။ အဲဒီလိုအာရုံပြုပြီး သည်းခံခဲ့တဲ့အတွက် နောက်ဆုံးတော့ အောင်မြင်တာပဲ။ ဘယ်ကိစ္စမဆို သည်းခံလိုက်ရင် အဆင်ပြေသွားတာပါ" အဲဒီလိုသည်းခံစိတ်မွေးပြီး ဖျောက်ရပါမယ်။

သည်းခံစိတ်မွေးလို့မှ မဖျောက်ရင် နံပါတ် (၈) က ဆွေမျိုးစပ်ပြီး ဖျောက်ပါတဲ့။ "ဩော် .... သံသရာမှာ ဆွေမျိုးမတော်ခဲ့တဲ့သူဆိုတာ မရှိဘူး။ ဘဝတစ်ခုမှာ ငါ့ရဲ့အမေ တော်ခဲ့ရင်တော်ခဲ့မှာပဲ။အမေတော်ခဲ့တုန်းက ကိုးလလွယ် ဆယ်လဖွားပြီး ကိုယ်ဝန်ဆောင်စဉ်မှာ

http://www.dhammadownload.com

အပူအစပ်တွေလည်း ရှောင်ခဲ့ရမှာပဲ။ အနေအထိုင် အသွားအလာလည်း ဆင်ခြင်ခဲ့ရမှာပဲ၊ မွေးလာတဲ့ အခါမှာလည်း မေတ္တာအပြည့်နဲ့ နို့ချိုတိုက်ကျွေးပြီး ပြုစုခဲ့မှာပဲ။ ကျင်ကြီးကျင်ငယ်တွေကိုလည်း မရွံ့မရှာ သုတ်သင်ပေးခဲ့မှာပဲ။ ငါ့ရဲ့အဖေလည်း တော်ခဲ့ချင် တော်ခဲ့မှာပဲ။ ငါ့ရဲ့အဖေတော်ခဲ့တုန်းက အရပ်တစ် ပါးကိုသွားပြီး သက်စွန့်ဆဲဖျား စီးပွားရှာပြီး ငါ့ကို ကျွေး မွေးခဲ့မှာပဲ။ ငါ့အတွက် အသက်ကိုလည်း စွန့်ချင်စွန့်ခဲ့ မှာပဲ။ ဒါမှမဟုတ် ငါ့ရဲ့သားသမီး ညီအစ်ကိုမောင်နှမ လည်း တော်ခဲ့မှာပဲ။ အဲဒီလိုဆွေမျိုးစပ်ပြီး ဖျောက်ပါတဲ့။ အနုမတဂ္ဂိယသံယုတ်လာ သုတ်တို့မှာ ပြထားတာက သံသရာမှ အမိအဘ ညီအစ်ကို မောင်နှမ မတော်ခဲ့ဖူး တာရှိကို မရှိပါဘူးတဲ့။ တစ်မျိုးမဟုတ် တစ်မျိုးတော့ ဆွေမျိုးတော်စပ်ခဲ့ကြတာပါပဲတဲ့။

အဲဒီလိုဆင်ခြင်လို့မှ မဖျောက်ရင် နံပါတ်(၉)က မေတ္တာအကျိုးတွေကို ဆင်ခြင်ပြီး ဖျောက်ပါတဲ့။

မေတ္တာပွားတဲ့သူဟာ ချမ်းချမ်းသာသာ အိပ် ရတယ်၊ ချမ်းချမ်းသာသာ နိုးရတယ်၊ ကောင်းတဲ့အိပ်မက်

http://www.dhammadownload.com

ကိုပဲမက်ရတယ်၊ နတ်လည်းချစ်တယ်၊ လူလည်းချစ်တယ်၊ နတ်တွေလည်း စောင့်ရှောက်တယ်၊ မီး အဆိပ်ဓားတွေကိုလည်း ရှောင်ရှားပေးတယ်၊ လျင်လျင်မြန်မြန် သမာဓိရတယ် ၊ မျက်နှာလည်း ကြည်လင်တယ်၊ သေတဲ့အခါ တွေတွေဝေဝေ မသေရဘူး၊ ဗြဟ္မာပြည်လည်း ရောက်နိုင်တယ်။ အဲဒီလို မေတ္တာအကျိုးကို ဆင်ခြင်ပြီး ဖျောက်ပါတဲ့။ ဒီမေတ္တာအကျိုး (၁၁)မျိုးကို မဟာစည် ဆရာတော်ဘုရားကြီးရဲ့ လက်ဦလေးနဲ့ ကပ်မှတ်ထားလိုက်ပါ။

(အိပ်နိုးချမ်းသာ၊ ကောင်းစွာအိပ်မက်၊ ချစ်လျက်လူနတ်၊ စောင့်လျက်နတ်များ၊ မီးဆိပ်ဓားတို့၊ ရှောင်ရှားကိုယ်မှာ၊ လျင်စွာစိတ်တည်၊ ရွှင်ကြည်မျက်နှာ၊ သေတာမတွေ၊ လားလေဗြဟ္မာ၊ ဆယ့်တစ်ဖြာသည်၊မေတ္တာပွားမူအကျိုးတည်း။)

မေတ္တာအကျိုးကို ဆင်ခြင်လို့မှ မပျောက်ရင် နံပါတ်(၁၀)က ဓာတ်ခွဲပြီး ဖျောက်ပါတဲ့။

ဓာတ်ခွဲပုံကတော့ "နေပါဦး... အို ယောဂီ၊

http://www.dhammadownload.com

သင်အမျက်ထွက်နေတာက ဘာကို အမျက်ထွက်နေတာလဲ၊ သူ့ရဲ့ ဆံပင်ကိုလား၊ အသည်းကိုလား၊ အသားကိုလား၊ အကြောကိုလား၊ ဒါမှမဟုတ် ပထဝီဓာတ်ကိုလား၊ အာပေါဓာတ်ကိုလား၊ ရူပကွန်ဒာကိုလား၊ ဝေဒနာကွန်ဒာကိုလား' စသည်ဖြင့် အဲဒီလိုဓာတ်ခွဲပြီး ဖျောက်ရပါတယ်။

ဓာတ်ခွဲလို့မှ မပျောက်ရင် နံပါတ်(၁၁)က ဥစ္စာပေးယူပြီး ဖျောက်ပါတဲ့။

သူနှစ်သက်မယ်ထင်တဲ့ ပစ္စည်းဥစ္စာလေးတွေ ပေးပြီး ဖျောက်ပါတဲ့။

သီဟိုဠ်ခေတ်က သံဃိက ကျောင်းတစ်ကျောင်းမှာ မထေရ်ကြီးတစ်ပါးက မထေရ်ငယ် တစ်ပါးကို အမျက်ထွက်ပြီး ကျောင်းတိုက်က ထွက်သွားရအောင် လုပ်နေပါတယ်တဲ့။ ဒီတော့ မထေရ်ငယ်က မထေရ်ကြီးဆီသွားပြီး "ဆရာတော်ဘုရား ဒါက ရှစ်ကျပ်တန် အင်္ကျီစား သပိတ်ပါဘုရား၊ တပည့်တော်ရဲ့ မယ်တော်ကြီးက လှူထားတဲ့အတွက် အပ်အပ်စပ်စပ် ရထားတာပါဘုရား၊ သုံးဆောင်ပါဘုရား" အဲဒီလို သွား

http://www.dhammadownload.com

ပေးလိုက်တော့ မထေရ်ကြီးနဲ့ မထေရ်ငယ်ဟာ အဆင်ပြေသွားပါတယ်တဲ့။ ဒါလည်း ဝိသုဒ္ဓိမဂ်က ပြထားတဲ့ ဝတ္ထုလေးပါ။ ပေးကမ်းခြင်းသည် အောင်မြင်ရာ၏ ဆိုတဲ့ လူတွေပြောနေတဲ့စကားဟာ ဘုရားဟော တစ်ခုပါပဲ။

ကိုယ့်သန္တာန်မှာဖြစ်နေတဲ့ ဒေါသရန်ငြိုးကို အထက်က (၁၁)နည်းထဲက ကိုယ်နှစ်သက်ရာ တစ်နည်းနည်းနဲ့ ဖျောက်ပါတဲ့။ (၁၁) နည်းလုံးနဲ့ ဖျောက်ဖို့ မလိုပါဘူး။

မေတ္တာပွားမယ့်ပုဂ္ဂိုလ်ဟာ ဒေါသရန်ငြိုးကိုဖြစ်တဲ့နည်းနဲ့ ဖျောက်ရပါ့မယ်။ဒါမှလည်းမေတ္တာပွားလို့ရမှာပါ။ကဲစာဖတ်သူတွေပြောကြည့်ပါဦး၊ ရန်ငြိုးဖျောက်နည်း (၁၁)နည်းထဲက ဘယ်နည်းကို ကြိုက်တယ်ဆိုတာ။

ဘာပဲပြောပြော ကိုယ်နှစ်သက်ရာ တစ်နည်းနည်းနဲ့တော့ ဖျောက်ကြည့်ဖို့ပါပဲလေ။

ရဝေနွယ် (အင်းမ)၏
မေတ္တာအတွေးများ
အလင်းတန်းဂျာနယ် (၇-၃-၂၀၀၅)

http://www.dhammadownload.com